
# လမင်းမိုမို

## မိုးတွေရွာနေဆဲပါ



(၁)

ကွဲဆည်ကန်ကွင်း ကားဂိတ်မှာ ကားတွေကလည်း အစီးစီး။ လူတွေကလည်း ရှုပ်ထွေးနေလေသည် ။ နဂိုကပင် ခေါင်းမူးချင်ချင် ရှိတဲ့ မုန်းသည် စိတ်တွေနောက်ကာ မျက်နှာကလေးက ညိုနေပါသည် ။

"မမမုန်း .. မမမုန်း စီးရမယ့်ကား ကျွန်တော် သွားရှာလိုက်မယ်၊ ဒီမှာ ပဲ နေဦး"

"ကျေးဇူးပဲ ကိုငြိမ်းရယ်"

မုန်းနှင့် မောင်တစ်ဝမ်းကွဲလေး တော်သော ကိုငြိမ်းက ကားကို စက်မသတ်ဘဲ မုန်တွေတင်ကာ အဲကွန်းဖွင့်ပေးခဲ့ဖို့ လုပ်နေရင်း ..

"မမမုန်းက နှစ်ရက် သုံးရက် စောင့်လိုက်တာ မဟုတ်ဘူး ဗျာ၊ အဝေးပြေး ကားနဲ့ က ဘယ်လောက် ပင်ပန်းထားလဲ၊ သုံးရက် စောင့်နိုင်ရင် လေယာဉ် လက်မှတ်လည်း ရချင်ရ၊ မရရင်လည်း ကျွန်တော် ဒီပါဂျယ်ရိုနဲ့ လိုက်ပို့ နိုင်တာပေါ့"

"မဟုတ်တာ ကိုငြိမ်းရယ်၊ ရန်ကုန်ထိပဲ ကားမောင်းလိုက်ပို့မယ်ရယ်လို့ ၊ ကိုယ့်ကိစ္စလည်း ရှိတာ မဟုတ်ဘဲနဲ့ ၊ သက်သက်ကြီး ပို့ပြီး တစ်ခါ မောင်းပြန်ရမှာ ၊ ဆီတွေကုန် လူတွေ ပင်ပန်းလိုက်တာ ကိုငြိမ်းရယ်၊ ဘာဖြစ်လဲ .. အဝေးပြေး ကားနဲ့ ၊ မမတို့ ငယ်ငယ်က ကားတွေဆိုရင် ဒီခေတ်ကားတွေ လောက်တောင် မကောင်းပါဘူး၊ ဒါတွေစီးပြီး

သွားလာ နေကျပါ၊ အခုကားတွေက အဲကွန်းနဲ့ လေအိတ်နဲ့ သိပ်ကောင်းပါတယ်၊ တစ်လမ်းလုံး တီဗီနဲ့ ဘာနဲ့ နားငြီး မျက်စိနောက်မှာ တောင် ပူနေရတယ်"

"ကားက ကောင်းတာ ဟုတ်ပါတယ်၊ မမမုန်း ပင်ပန်းမှာ စိုးတာပါ"

"အေးလေ .. သမီးက နေဖြင့် ကောင်းကောင်း မကောင်းသေးဘဲနဲ့ "

"အအေးမိတာလောက်က ကိစ္စမရှိပါဘူး အန်တီလေးရယ်၊ ဒီရက် မပြန်လည်း မဖြစ်တော့ဘူး၊ ဟိုမှာ ဟိုသားအဖက ဘယ်လို ဖြစ်နေပြီ မသိဘူးလေ၊ အိမ်က ကောင်မလေးတွေက အားကိုးရလို့ အိမ်ကိစ္စ စားရေးသောက်ရေး ကိစ္စကို မပူရပေမယ့် ရွှေဂူးက စာမေးပွဲ ဖြေရဖို့ နီးနေပြီ၊ တစ်ရက် နှစ်ရက်ပဲ လိုတာ အန်တီလေးရဲ့ ။ အဲဒီ ရွှေဂူးက မအေ မရှိရင် စာ သေချာ မလုပ်ဘူး၊ သူ့အဖေကလည်း သေချာ စာမေးမှာ မဟုတ်ဘူး ၊ မုန်းက စာမေးရင်တောင် သူ့သမီးလေး တစ်တန်းပဲ ရှိပါသေးတယ် ပင်ပန်းလိုက်တာ လုပ်တာ"

မုန်းက ဘေးမှာ အတူယှဉ်ထိုင်ကာ ပါလာသော အန်တီလေးကို စကား ခပ်ရှည်ရှည် ရှင်းပြောနေမိပါတယ်။ အန်တီလေးဟာလည်း မုန်းကို အင်မတန် ဆွဲထားချင် သေးတာပင်။ သူ အားကိုး ချစ်ခင်လှတဲ့ သူ့အစ်မ မုန်းရဲ့ မေမေနှင့် အန်တီလေးတို့ ညီအစ်မဟာ အသက်ရှစ်နှစ် နီးပါးကွာတော့ မေမေ့ကို အန်တီလေးက အင်မတန် အားကိုးတာ ဖြစ်သည် ။

ဒါတောင် ကြီးတော့ သိပ်မကွာသလိုလို။ ငယ်ငယ်ကတော့ ဆယ်နှစ်သမီးဟာ နှစ်နှစ်သမီးကို ချီခဲ့ရတာပင်။ ချီပိုးရ ထိန်းကျောင်းရ လောက်အောင် ကွာသည် ။ ဒီတော့ "မမကြီး" ရယ်လို့ အန်တီလေးက မေမေ့အပေါ် ချစ်အားကိုးလှတာ မဆန်းပေ။

"သူတို့ ချက်ပ်တာအဲန်ဒ်း တက်စ် Chapter end test တွေ ကလည်း

လတိုင်းပဲ၊ ဟုတ်ပဲ့ါဗျာ"

သူငယ်တန်း သားတစ်ယောက် ရှိသော ကိုငြိမ်းက ဝင်ရောက် ထောက်ခံလိုက်ပါသည် ။

"ခု ဘယ်လိုနေတုန်း မုန်း၊ ကားပေါ်မှာ အဲကွန်းကြီးနဲ့ တစ်ချိန်လုံး ပို အအေး မိမလား မသိဘူး"

"မုန်း အခုဝတ်ထားတဲ့ လက်ရှည်ကလည်း ဆွယ်တာ ဆန်ဆန်ပါပဲ၊ ဒီမှာ ကားပေါ်အေးရင် ဝတ်ဖို့ ကုတ်အင်္ကျီ တစ်ထည် အသင့်ထုတ်ထား သေးတယ် အန်တီလေး၊ ရပါတယ်၊ မပူပါနဲ့ အန်တီလေး"

"အမယ်လေး .. အဲဒီ (......) ကားလိုင်းက ကားတွေက တအားအေး တာ၊ မောင်းတာလည်း မြန်သလား မပြောနဲ့ ၊ တစ်လမ်းလုံး ဘုရားစာ ရွတ်ရတယ်၊ လမ်းမှာ ဘုရားစာ ရွတ်သွားဦးနော် သမီး"

"ဟုတ်ကဲ့"

"မိုးတွေ အုံ့နေတယ်၊ လမ်း .. မိုးများ ရွာလာမလား မသိဘူး"

ကိုငြိမ်းက ကားရှာဖို့ ထွက်ခွာ သွားပါသည် ။ မုန်းဟာလည်း မေမေရဲ့ တစ်ဦးတည်း သမီး။ ကိုငြိမ်းဟာလည်း အန်တီလေးရဲ့ တစ်ဦးတည်း သား။ ဒီတော့ မုန်းနှင့် ကိုငြိမ်းဟာ မောင်နှမ တစ်ဝမ်းကွဲပေမယ့် မောင်နှမရင်းချာလို ဖြစ်နေပါသည် ။

မေမေဟာလည်း သူ့ရဲ့ ဇာတိချက်မြှုပ်အရပ် ဖြစ်သည့် မန္တလေးမှာပဲ မုန်း .. ကိုရာဇာနှင့် အိမ်ထောင်ကျပြီး ကတည်းက ပိုမို အနေများသွားတာ။ တစ်ခါတစ်ရံ အရင်က သားအမိ နှစ်ယောက် နေခဲ့ပြီး မုန်း အိမ်ထောင်ကျပြီးတဲ့ နောက် မုန်းတို့ နေတဲ့ ရန်ကုန်အိမ်မှာ မေမေ အတူ လာနေလည်း ခဏတဖြုတ်ပင်။ သူ့ညီမ အန်တီလေး အိမ်ရှိရာ မန္တလေး

မှာ အနေများ ပါသည် ။

ခုတော့ ဆုံးတော့လည်း မန္တလေးမှာ လေ။

မေမေ အသည်းအသန် ဖြစ်ကတည်းက မုန်း မန္တလေးကို တက်လာခဲ့ပါသည် ။ အဲဒီတုန်းကတော့ ချက်ချင်း ရောက်အောင် လေယာဉ်နှင့်။ လက်မှတ်လည်း အသင့် ရခဲ့သည် ။ မုန်းရောက်ပြီး ရှစ်ရက်ရှိတော့ မေမေ ဆုံးပါသည် ။ အဲဒီတော့မှ ရန်ကုန်ကို ဖုန်းဆက်တော့ ခင်ပွန်းသည် ရာဇာက လိုက်လာသည် ။

သမီးကို ရာဇာ့အမေ ဖြစ်တဲ့ သူ့ရဲ့ ဘွားအေထံ ပို့ခဲ့ရသည် ။ ရာဇာ့အလုပ်ကလည်း အကြာကြီး ခွင့်မရ၍ ဆုံးတဲ့ နေ့ပဲ ရောက် လာပြီး အသုဘ ချပြီးတဲ့ နောက်တစ်ရက်မှာ ပြန်ရသည် ။ ရက်လည်ထိ မနေနိုင်။ မုန်းကတော့ တစ်နေ့က ရက်လည်နေ့အပြီး မနေ့က တစ်ရက် နားပြီးတော့ ဒီကနေ့ ပြန်ဖြစ်အောင် ပြန်ရခြင်း ဖြစ်ပါသည် ။

သမီးနှင့် မတွေ့ရဘဲ ဖုန်းပဲ ပြောရတာ ဆယ့်ခုနစ်ရက် ရှိပြီ မဟုတ်လား။ အဖေက အလိုလိုက် လွန်းလှတဲ့ အတွက် သမီးက အဖေကို မကြောက်။ အဖေကလည်း သူ့သမီး ပင်ပန်းမည်ဆို စာပင် မကျက်ခိုင်း။ စာကျက်ပျင်းတဲ့ သမီးက သူ့အဖေနှင့်ဆို "ဖေ့ .. မီး အိပ်ချင်ပြီ" လို့ မျက်လုံးကို ခပ်နွဲ့နွဲ့ ပွတ်ပြတာနှင့် စွေ့ခနဲ ပွေ့ချီကာ အိပ်ရာထဲ ပို့တော့တာပင်။

"အန်တီလေး .. နေကောင်းအောင် နေနော်"

"အေးပါ သမီးရယ်"

တူဝရီး နှစ်ယောက်သား တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ကာ ကားပေါ်မှာ ငြိမ်သက်နေမိကြသည် ။ ကိုငြိမ်း ပြန်ရောက်လာကာ ..

"မမ .. ကားတွေ့ပြီ၊ ဒီမှာ ပဲ ခဏနေပါဦးလား၊ ဟိုမှာ လူရှုပ်ရှုပ်နဲ့ ၊ စောပါသေးတယ်၊ လိုသေးတယ်တဲ့ ငါးနာရီခွဲလောက်မှ ထွက်မယ် ပြောတယ်"

ခုမှ ညနေ ငါးနာရီသာ ရှိသေး၍ မုန်းက လက်ပတ်နာရီ ကြည့်ကာ ခေါင်းလေး ညိတ်ရင်း ..

"အင်း .. အင်း .."

"လမ်းမှာ သောက်သွားရမယ့် ဆေးရော"

"ပါတယ် ကိုငြိမ်း၊ စလင်းဘက်ထဲမှာ ပဲ"

အန်တီလေးက မုန်းရဲ့ နဖူးကို စမ်းကြည့်ပါသည် ။

"ပူသေးတယ်၊ သားရေ .. ကားဆရာကို အဲကွန်း နည်းနည်း လျှော့ခိုင်းစမ်း"

"နေပါစေ အန်တီလေးရဲ့ ၊ ကိုယ့်တစ်ယောက် အတွက်နဲ့ ကျန်တဲ့ လူတွေ အေးချင်တာ မအေးရဘဲ နေပါ့မယ်"

"နည်းနည်း အေးရင် တော်ပြီပေါ့"

အသုဘ ချတဲ့ နေ့မှာ စဖျားလာတဲ့ မုန်းကို ရာဇာလည်း စိတ်မဖြောင့်နှင့်ပင် ပြန်သွားရတာ ဖြစ်သည် ။ မုန်းကဖျားရင် အဖျားတာရှည် တတ်သည် ။ အဖျားလည်း ကြီးတတ်သည် ။

"အဖျား ကောင်းကောင်း ပျောက်မှ မပြန်ဘူးအေ"

"ရွှေဂူးကို စိတ်မချလို့ အန်တီလေးရယ်၊ စာမေးပွဲလည်း ရှိတာရယ် အပြင် သူ့အဖေက မစားချင်ဘူးဆို မစားနဲ့ ၊ စာမကျက်ချင်ဘူး ဆိုလည်း မကျက်နဲ့ ၊ ရေမချိုးချင်ဘူး ဆိုရင်တောင် မချိုးနဲ့ တဲ့ ၊ အလိုလိုက်လွန်း

အားကြီးလို့ နောက်ကြောင်း စိတ်မချဘူး"

"တစ်လပြည့် ဆွမ်းသွတ်ကျရင် သမီး လာဦးမလား"

"မလာတော့ဘူး အန်တီလေးရယ်၊ မုန်းလည်း ရန်ကုန်အိမ်မှာ ပဲ တစ်လပြည့်ကျ ကိုယ့်ဟာကိုယ် ဆွမ်းကျွေးမယ်"

"အေးလေ .. ဒါလည်း ကောင်းပါတယ်"

"ကိုငြိမ်းရေ .. သွားကြမလား၊ အန်တီလေးလည်း မြန်မြန် ပြန်နားလို့ ရတယ်"

"သွားမယ်လေ မမမုန်း"

"ရပါတယ် သမီးရယ်၊ မြန်မြန်လည်း မပြန်ချင်ပါဘူး၊ ညည်းပါ ပြန်မယ်ဆိုတော့ ဝမ်းက နည်းနေတာ"

"နေကောင်းအောင် နေနော် အန်တီလေး၊ သွေးနည်းနည်း တိုးချင်နေတယ်၊ ဆေးမှန်မှန် သောက်ပြီး သွေးတိုးကို ထိန်းဦး၊ မနက် လမ်းထလျှောက်နေကျလည်း ဆက်လျှောက်နော်၊ မေမေ မပါဘူးဆိုပြီး မလျှောက်ဘဲ မနေနဲ့ နော်၊ မမဆက်ကို ခေါ်လျှောက်ပေ့ါနော်"

မမဆက်က အန်တီလေး ခေါ်ထားတဲ့ တူမဝမ်းကွဲ တစ်ယောက် ဖြစ်ပါသည် ။ ဝမ်းနည်းနေတဲ့ အန်တီလေးက မုန်း ကားပေါ်က ဆင်းတော့ လိုက်ဆင်းလာပါသည် ။ ကိုငြိမ်းက နောက်ဘက် တံခါးဖွင့်ပြီး မုန်းရဲ့ အိတ်နှင့် ခြင်းတောင်းတို့ ကို သယ်ချနေခိုက် ..

"ဟင် .. သမီး"

"ဘာလဲ .. အန်တီလေး"

"ဟို .. ဟိုမှာ .. ဉာဏ မဟုတ်လား"

မုန်း ရင်ထဲ ဒိတ်ခနဲ တုန်သွားကာ အန်တီလေး မျက်လုံးတွေ ဦးတည်နေရာဆီ လိုက်ကြည့်မိပါသည် ။ ရင်ထဲမှာ ဖြစ်သွားတဲ့ ဒိတ်ခနဲ ကို မရိုးသားဘူး ပြောလို့ လည်း မရ။ ရိုးသားတယ် ပြောလို့ လည်း မရနိုင်တာ မုန်း အသိဆုံး။

အင်း .. ဟုတ်ပါရဲ့ ၊ ဉာဏပါလား။

သူ့ကို တွေ့တဲ့ အခါ နဂိုကမှ မေမေ ကွယ်လွန် ထားတဲ့ အတွက် ဆုတ်နစ် ကြေကွဲနေတဲ့ စိတ်တို့ မှာ ဝမ်းနည်းမှု ထပ်ပိုလာသည် ။ သိ ဟောင်း ကျွမ်းဟောင်း မိတ်ဆွေဟောင်း (အင်း ..၊ ဒီလိုပဲ ဆိုကြပါစို့ရဲ့ )တွေကို ကိုယ့်ဘဝရဲ့ နွမ်းနယ် ပူဆွေးနေရတဲ့ အချိန်မျိုးမှာ ဆုံတွေ့ရင် ခံစားချက်က ပိုပြီး လှုပ်ခတ်လှိုက်လှဲ လာသလိုပင်။

ခုနေ တခြားသူစိမ်း တစ်ယောက်ကို "မေမေ ဆုံးသွားပါပြီ" လို့ ပုံမှန် သတင်းပေး ပြောပြနိုင်ပေမယ့် ဉာဏကိုတော့ ပုံမှန် ပြောပြနိုင်ပါ့မလား ။ ပြောရင်း ဝမ်းနည်း လှိုက်ခတ်လာမှာ သေချာနေတော့သည် ။

"မမ .. မမမုန်း"

မုန်းက ကိုငြိမ်းကို လှည့်ကြည့်လိုက် ပါသည် ။

"ဟိုမှာ ကိုဉာဏ မဟုတ်လား"

"အင်း .."

"သြော် .. မမ တွေ့ပြီးပြီလား"

"အင်း .. မမ တွေ့ပါတယ်"

"ဟိုဘက် သွားနေတယ်၊ လက်ထဲမှာ လည်း အိတ်နဲ့ "

ကိုငြိမ်း စကားကို အန်တီလေးက ..

"ဟဲ့ .. သူလည်း ဒီကားတွေနဲ့ ပဲ ရန်ကုန် ပြန်မလို့ လား မသိဘူး"

"ဒီတစ်စီးထဲမှ မဟုတ်တာ အန်တီလေးရယ်"

"သူ မန္တလေး ရောက်နေတာ ဘယ်တုန်းကပါလိမ့်"

"ဟုတ်တယ်နော် မေမေ၊ ကြီးကြီး နာရေးကြော်ငြာ မတွေ့ဖူးလား မသိဘူး"

"အေးလေ"

"မတွေ့လို့ နေမှာ မေမေ၊ တွေ့ရင် ကိုဉာဏက လိုက်ပို့မှာ သေချာတယ်"

"အေး .. ဟုတ်တယ်၊ ဉာဏက မမသွယ်ကို သိပ်ချစ်တာ"

အမေနှင့် သား တစ်ယောက် တစ်ခွန်း အတိုင်အဖောက် ညီညီ စိတ်ဝင်တစား ဝေဖန် မှတ်ချက် ချနေကြတာကိုမှန်း ဘာမှ ပင် မပြောမိ။ ကားတစ်စီး တည်းတော့ မဆုံပါစေနှင့် ရယ်လို့ သာ ဆုတောင်းနေမိပါသည်။

အဆက်အသွယ် အဆက်အဆံ မရှိတာတော့ နှစ်နှစ် ခွဲလောက်ပဲ ရှိဦးမှာ ။ နောက်ဆုံး တွေ့ထားတာ နှစ်နှစ်ခွဲလောက် ရှိပြီလေ၊ အဲဒီ နှစ်နှစ်ခွဲရဲ့ ရှေ့မှာ နှစ်နှစ်တစ်ကြိမ် လောက်တော့ မတော်တဆ တွေ့ဆုံမိပါသည် ။ သမီးအသက်ကို တစ်နှစ်ပေါင်း လွန်ခဲ့တဲ့ ခုနစ်နှစ်ကျော်က စလို့ ပေါ့။ ဘာတွေပဲ ဖြစ်ခဲ့ခဲ့ လမ်းတွေ့ရင်တော့ ခေါ်ပြော နှုတ်ဆက် ဖြစ်ခဲ့တာမို့ ခုလည်း မုန်းကို တွေ့ရင် သူ စကားပြော သတင်းမေးဦးမှာ ပါ။ မုန်းနှင့် မတွေ့တာ နှစ်နှစ်ခွဲပေမယ့် ရာဇာနှင့်ကတော့ တစ်နှစ်တစ်ကြိမ် အမြဲတမ်း ဆုံတွေ့ကြတဲ့ သူတို့ ကျောင်းသားဟောင်းများ Gathering မှာလည်း အမြဲတွေ့နေကျ။ သူတို့ အုပ်စုထဲက တစ်ယောက်ယောက်ရဲ့ ပွဲလ

မ်း အလှူအတန်း အရေးအကြောင်း ရှိသမျှတွေမှာ လည်း ဆုံနေကျ။

ရာဇာကလည်း ဉာဏနဲ့ တွေ့တွေ့ ကြွေနဲ့ ပဲတွေ့တွေ့ အိမ်မှာ အားရ ပါးရ ပြန်ပြောတတ်မြဲပင်။ သူတို့ အခင်ဆုံး သူငယ်ချင်း အုပ်စုတွေပဲ လေ။ မှန်းနှင့် ဉာဏသာ မျက်နှာပူရ မလိုလို ခပ်တန်းတန်း ခပ်အမ်း အမ်း နေရမလို တစ်မျိုးတစ်မည် ရှိန်နေကြပေမယ့် ရာဇာကတော့ ဉာ ဏကို ခင်မင် ဆက်ဆံ မပျက်သလို ဉာဏကလည်း ရာဇာ့ကို ဘယ်လိုမှ ကို သဘောမထားဘဲ ကြည်ကြည်ဖြူဖြူ သံယောဇဉ် ကြီးလှသည် ။

တကယ်တော့ မှန်းသာ ရာဇာနဲ့ လက်မထပ် ဖြစ်ခဲ့ဘူးဆိုရင် (တခြား တစ်ယောက်နဲ့ ပဲ လက်ထပ်ထပ်၊ တစ်ကိုယ်တည်းပဲ နေနေ) ဉာ ဏကို ခေါ်ပြော ဆက်ဆံနေ ဖြစ်တော့မှာ မဟုတ်ပါပေ။ ခုတော့ ခင်ပွန်း က ရာဇာ ဖြစ်နေလို့ ။ သူတောင် ခေါ်ပြောသေးတာပဲ ကိုယ်တွေက ရှိန် ပြီး မပြောနိုင် မဆိုနိုင် ဖြစ်နေလျှင် ပိုပြီး အရုပ်ဆိုးစရာ ဖြစ်မယ်လို့ ဆင်ခြင်ကာ ခေါ်ရပြောရတာ။

အမှန်ကတော့ ခေါ်ချင် ပြောချင်တယ်လည်း မဟုတ်။ မခေါ်ချင် မ ပြောချင်ဘူးလည်း မဟုတ်ပါ။ ဘယ်လိုမှန်းကို အတိအကျ မပြောတတ် တော့ ပါဘူး။

"လာ .. သွားစို့ မမမှန်း"

"မမကို ခြင်းပေးလေ"

"ရတယ်"

"အန်တီလေး လိုက်မလို့ လား၊ ကားထဲပဲ နေခဲ့ပါလား"

"လိုက်ခဲ့မယ်လေ၊ ပင်ပန်းတာမှ မဟုတ်တာ၊ ကားမထွက်သေးရင် စ ကား ပြောရတာပေါ့ကွယ်"

အန်တီလေး မုန်းနဲ့ ဉာဏ ကားတစ်စီးတည်း ဟုတ်မဟုတ်ကို ကိုယ်တိုင်ကိုယ်ကျ လိုက်ကြည့်ချင်တာ များ လားလို့ ထင်မိသည် ။

ကိုငြိမ်း ဦးဆောင် သွားတဲ့ နောက် လိုက်ခဲ့ကြပြီး မုန်းစီးရမယ့် ကားဆီ ရောက်သည် တွင် ..

"ဟာ"

"အဟဲ .. ကိုဉာဏ"

ရှေ့က ကိုငြိမ်းနှင့် ဉာဏတို့ မျက်နှာချင်းဆိုင် တိုးပြီး နှုတ်ဆက် နေကြတာပင်။ ကိုငြိမ်းကို အမြင်မှာ ဉာဏထံက တအံ့တသြသံ အရင်ထွက်လာတာ။

"ခုနက ကိုဉာဏကို တွေ့လိုက်တယ်၊ ကျွန်တော်တို့ ကားနားက ဖြတ်သွားတာ"

"ဟုတ်လား၊ ငြိမ်းချမ်းတို့ ဘယ်ကို"

ဉာဏက ကိုငြိမ်းရဲ့ နောက်ဘက်ကို ကျော်ကြည့်လိုက်ကာ မုန်းကို တွေ့ပြီး အသံက ရပ်သွားပါသည် ။ မုန်းက မျက်လွှာလေး ချပြီး နေမိသည် ။ စိတ်ထဲမှာ လည်း မေမေ့ အသုဘ အပြန်ခရီး သူနှင့် ဆုံစည်းရတာကို စတင် ဝမ်းနည်း လာပြီလေ။

"သြော် .. မုန်း ပြန်မလို့ လား"

"ဟုတ်ကဲ့ .. မမမုန်း ဒီကားနဲ့ ပြန်မလို့ "

"ဒီကားလား"

"ဟုတ် .. ဒီကား၊ ကိုဉာဏရော"

"ကိုယ်လည်း ဒီကား စီးရမှာ ကွ"

အန်တီလေးက မုန်းကို တစ်ချက် ငဲ့ကြည့်လိုက်ရင်း ..

"အတော်ပဲ .. ကားတစ်စီးထဲ မောင်ညဏ ပါမှာ ၊ မုန်းက နေမကောင်းဘူးကွယ့်၊ ဖျားနေတယ်၊ သူတစ်ယောက်တည်း ပါသွားမှာ အန်တီလေး စိတ်ပူနေတာ"

"အန်တီလေး နေကောင်းတယ်နော်၊ ကျွန်တော် ဟို .. နာရေးကြော်ငြာ တွေ့လိုက်ပါတယ်၊ တွေ့လိုက်တုန်းက တောင်ကြီး ရောက်နေတယ်၊ လိုက်ပို့ချင်ပေမယ့် လာဖို့ အဆင်မပြေ လိုက်လို့ "

"ကိုညဏ .. အလုပ်ကိစ္စလား၊ ကား မပါဘူးလား၊ လာတုန်းက ဘာနဲ့ လာသလဲ"

"လာတုန်းက ကားကို မောင်းလာတာ၊ တပည့် ဒရိုင်ဘာလည်း ပါတယ်၊ အခုမှ ကားက တောင်ကြီးက အဆင်း ပျက်လာလို့ ဒီမှာ ပြတော့ ကြာဦးမယ် နှစ်ရက် သုံးရက်တဲ့ ၊ ဒါနဲ့ တပည့်လေးတော့ ထားခဲ့တယ်၊ ကိုယ့်ကတော့ ပြန်မှ ဖြစ်မှာ မို့ ကြုံသလို ရတာနဲ့ ပြန်လိုက်မယ် ဆိုပြီး လေယာဉ် လက်မှတ် ကြိုးစားသေးတယ်၊ မရတာနဲ့ "

ညဏက ကိုငြိမ်း ဘေးဘက်ကို တိုးရွှေ့ကာ မုန်းကို မြင်ရအောင် ကြည့်လိုက်ရင်း ..

"မုန်း .. ကိုယ် စိတ်မကောင်းပါဘူး၊ မုန်း တရားနဲ့ ဖြေပါလို့ ပဲ ရိုးရိုးလေးပဲ ပြောရမှာ ပဲ"

"ဖြေပါတယ် ည .. ဏ .."

အင်းလေ။ ကိုညဏတွေ ဘာတွေလည်း လုပ်မနေတော့ပါဘူး။ ငယ်ငယ်ကလို ညဏက ညဏပဲပေါ့။

"ခု ဖျားနေတယ် ဟုတ်လား"

"နည်းနည်းပါ"

"မနည်းပါဘူး။ ခုတောင် တစ်ရာကျော် သေးတယ်၊ ချတဲ့ နေ့က စ ဖျားတာ၊ တစ်ရာ့နှစ် .. တစ်ရာ့သုံး တက်သေးတာ၊ သူက အဖျားကြီး တတ်တာ သိတယ်မို့လား၊ မောင်ဉာဏ သူ့ကို ကားပေါ်မှာ လမ်းဆေး သောက်ဖြစ်ဖို့ လှမ်းသတိပေး ပေးပါဦး"

"စိတ်ချပါ အန်တီလေး"

ဉာဏက ဟက်ဟက်ပက်ပက် စကားပြောနိုင်ပေမယ့် မုန်းကတော့ ဝမ်းနည်းစိတ် ဆို့နစ်ကာ ဘာမှ သိပ်မပြောနိုင်။ ဉာဏနှင့် ကားတစ်စီးတည်း စီးသွားရမှာ ကိုလည်း စိတ်ကျဉ်းကျပ် နေမိသည် ။

"ရာဇာက ပြန်နှင့်တာလား"

"ဟုတ်တယ် ဉာဏ၊ သူကချပြီး နောက်နေ့ ပြန်သွားတယ်၊ သူ့ဂျပန်ကလည်း သူတို့ အလုပ်များ တဲ့ ရာသီမို့ ခွင့်ရက်ရှည် မယူစေချင်ဘူးပေ့ါ၊ အဲဒါကြောင့် ပြန်နှင့်ပါလို့ လွှတ်လိုက်တာ၊ မုန်းကတော့ တစ်နေ့က ရက်လည်တော့ ဆွမ်းကျွေးနဲ့ ဧည့်သည် နဲ့ ပင်ပန်းသေးတာနဲ့ မနေ့ တစ်ရက်နားပြီး ဒီနေ့မှ ပဲ ပြန်ဖြစ်တာ"

"နေကောင်းမှ ပြန်လိုက်တာ မဟုတ်ဘူး "

"သမီးက ရှိသေးတယ်၊ သမီးက မအေကို လွှမ်းမှာ တော့ မဟုတ်ပါဘူး၊ လွတ်ပဲ လွတ်နေမှာ ၊ အသည်းအသန် ဖြစ်တယ် ဆိုကတည်းက ထွက်ခဲ့တော့ ဆယ့်ခုနစ်ရက် ကြာနေပြီ၊ အဲဒါကြောင့် နေကောင်းအောင် အထိ စောင့်မနေ ဖြစ်တော့တာ"

မုန်းက စကားသာ ပြောနေပေမယ့် မျက်လုံးချင်း သိပ်မဆိုင်။ မျက်နှာ ခပ်လွှဲလွှဲနှင့်သာ ပြောဆိုနေမိတာ ဖြစ်သည် ။ မုန်းစိတ်ထဲမှာ

ကျဉ်းကျပ်မှု၊ မျက်နှာပူမှုနှင့် သူ့အပေါ် အပြစ် မကင်းသလို ခံစားရတဲ့ ခံစားချက် တစ်မျိုးကလည်း ရင်ထဲ အမြဲကိန်းအောင်း နေတတ်ခဲ့ပါသည် ။

သူကတော့ အံ့သြဖို့ ကောင်းလှအောင် သူ့အတွင်း စိတ်ကို မှန်းရခက်သူပင်။ မျိုသိပ်နိုင်စွမ်း ကြီးတဲ့ အပြင် နဂိုဗီဇကိုက ခပ်အေးအေး စကားနည်းနည်း သိုသိုသိပ်သိပ်နဲ့ နေတတ်တဲ့ သူ။ တစ်ခါတလေမှာ သူ့အတွင်းစိတ်ထဲ ဘာရှိနေသလဲ မုန်း လုံးဝ မှန်းဆမရခဲ့ပါ။ နောက်ပိုင်း ပြန်ကြုံဆုံတဲ့ အခါမျိုးတွေမှာ လည်း သူ့ရဲ့ ပြီးပြီးပျောက်ပျောက် ဖြေပျောက် မေ့ပစ်နိုင်စွမ်းကို အံ့သြရပြန်သည် ။

သူဟာ ပြီးခဲ့သမျှကို ခေါင်းထဲက ထုတ်ပစ်လိုက်သူလား။ ဒါကြောင့်သာ မုန်းအပေါ် သူ့စိတ်ထဲ အာဃာတ အမျက် မရှိတာပေါ့။ မရှိတာရော ဟုတ်ရဲ့ လား။ သူ မျိုသိပ်ထားလို့ လား။ အို .. သူ့ဘက်ကို မုန်း မမှန်းဆတတ်ပါ။ ကိုယ့်ဘက်က အဖြစ်အပျက် ကိုယ့်ခံစားချက် တို့ ကိုသာ မုန်း သိပါသည် ။

"တီတီ .. တီတီ"

"ဟော .. ဖုန်း"

အန်တီလေးက မုန်းကို လှည့်ပြောလိုက်၍ မုန်းက စလင်းဘက်ထဲက ဖုန်းကို ထုတ်ယူလိုက် ပါသည် ။ ဒီအချိန် ဆက်လိုက်တာ ရာဇာပဲ ဖြစ်ပါလိမ့်မည်။ ဖုန်းကို ကြည့်လိုက်တော့ ဟုတ်နေသည် ။ ရာဇာ့နံပါတ်။

"ဟယ်လို"

"မိန်းမ နေကောင်းရဲ့ လား"

"အင်း .. ကောင်းပါတယ်"

"ဖျားသေးလား"

"ဖျားတော့ ဖျားသေးတယ်၊ ဒါပေမဲ့ နေကောင်းပါတယ်"

"ခု ဘယ်မှာ လဲ၊ ကားဂိတ် သွားပြီလား"

"ကားဂိတ် ရောက်နေပြီ"

မုန်းက ကိုယ်ကို တစောင်း လှည့်ကာ မပွင့်တပွင့် ပြောနေမိပါသည် ။ ရာဇာနှင့် စကားပြောနေတာကို ဉာဏ ကြားမနေရစေချင်လို့ ပင်။ ကြားတော့ ဘာဖြစ်လဲဆိုရင် ဘာမှ တော့ မဖြစ်ပါ။ သူတို့ ချင်းက ခင်မင် ပြေလည်လို့ ပဲ။ မုန်းကသာ အားနာတာလား၊ ဟင့်အင်း။ မျက်နှာပူတာလား။ အို .. မသိတော့ဘူး။

"အဖျားကြီးနဲ့ မုန်းရယ်၊ တစ်ရက် နှစ်ရက် ဆက်နေရောပေါ့"

"အို .. သမီးနဲ့ လည်း ခွဲနေတာ ကြာနေပြီ၊ မဖြစ်ပါဘူး"

"ဖြစ်ပါတယ်၊ ကိုယ်တစ်ယောက်လုံး ရှိတဲ့ ဟာ"

"အဖေနဲ့ အမေ တူတော့ မတူဘူးလေ၊ တစ်ခါမှ လည်း ဒီလိုကြီး မခွဲဖူးတော့ ပြန်လာချင် နေပြီ"

"လမ်းမှာ ဖုန်းဆက်လို့ ရတဲ့ နေရာဝင်ရင် ဖုန်းဆက်ဦးနော်၊ နေကောင်းရဲ့ လားလို့ "

"နေကောင်းပါတယ်၊ တကူးတက ဆက်မနေတော့ပါဘူး"

"ဆက်ပါ၊ ဟဲန်းဒ်ဖုန်းလည်း ပိတ်မထားနဲ့ ၊ ဖွင့်ထားနော်"

"ရာဇာ"

"ဟင်"

"ရာဇော့ကို ပြောရဦးမယ်"

မုန်းမပြောလည်း သူတို့ ချင်း တွေ့ကြရင် သိကိုသိမှာ ။ ကိုယ်က မပြောဘူး ဖြစ်နေမှာ စိုး၍ မုန်းက စကားစလိုက်ပါသည် ။

"ပြောလေ .. ဘာလဲ"

"မုန်းနဲ့ ကားတစ်စီးတည်းမှာ ဟို .. ဉာဏ ပါတယ်"

"ဟင် .. ဟုတ်လား"

"ဟုတ်တယ်၊ မုန်း ဒီကားကို လွှတ်လိုက်ပြီး တခြား တစ်စီး လက်မှတ် လဲဝယ်ရမလား"

"အာ .. ဘာလို့ အဲလို လုပ်ရမှာ လဲ မုန်းရဲ့ "

"ဒီကားပေါ်မှာ တစ်စီးတည်း တူတူ အကြာကြီး စီးနေရမှာ လေ"

"အဲဒါ ဘာဖြစ်လဲ မုန်းရဲ့ ၊ မုန်းနဲ့ ရင်းနှီးတဲ့ သူ အတူတူပါတော့ မုန်းအတွက် ပိုပြီး စိတ်ချရတာပေ့ါ၊ မုန်းနဲ့ တွေ့ပြီး နှုတ်ဆက်ပြီးပြီလား"

"အင်း"

"သူက ဘယ်ကလာတာလဲ၊ အသုဘရက်ကတော့ မတွေ့ပါဘူး"

မုန်းက ဉာဏ မကြားရအောင် မလှမ်းမကမ်းကို လှမ်းလျှောက်ရင်း . .

"သူက သူ့ဟာသူ အလုပ်ကိစ္စနဲ့ တောင်ကြီး လာတာတဲ့ ၊ ကိုငြိမ်းနဲ့ စကား ပြောနေကြတယ်၊ တောင်ကြီးကနေ ဒီကို ဝင်လာတာ၊ ဒီမှာ ကားပျက်နေတော့ ကားနဲ့ ဒရိုင်ဘာ ထားခဲ့ပြီး သူက လိုင်းကားနဲ့ ပြန်မလို့ "

"ဩော် .. ခုမှ ကားဂိတ်မှာ ဆုံကြတာပေ့ါ"

"ဟုတ်တယ် ရာဇာ"

"ဘေးမှာ ရှိနေတာပေါ့"

"အင်း .. ရှိတယ်"

"ဖုန်းပေး လိုက်စမ်းပါ၊ ဒီကောင်နဲ့ ပြောရအောင်"

"ဒါဖြင့် ကိုင်ထား"

မုန်းက လေး ငါးလှမ်း ပြန်လျှောက်လာကာ လက်ထဲက ဖုန်းလေး ဉာဏထံ လက်ဆန့်တန်းပေးရင်း ..

"ဉာဏ .. ရာဇာက ပြောချင်လို့ တဲ့ "

"ဟုတ်လား"

ဉာဏက ဖုန်းကို လှမ်းယူလိုက်ကာ ..

"ဟယ်လို"

"ဉာဏလား"

"အေး .. ပြော ရာဇာ"

"မင်းနဲ့ မုန်း ကားတစ်စီးတည်းဆို"

"အေး"

"အတော်ပဲ ဟန်ကျတယ်၊ မုန်းမှာ အဖော် မရှိဘူး ထင်တာ၊ မင်းပါ တော့ တော်သေးတယ်ကွာ၊ မုန်းက ဖျားနေတယ်ကွ၊ အသုဘ ချတဲ့ ရက် ကတည်းကကွာ၊ ခုထိ အဖျားမကျဘူးဆိုတော့ ရက်ကြာနေပြီ သိတယ် မဟုတ်လား"

"အေး .. အခုပဲ ငါ့ကို အန်တီလေး ပြောပြနေတယ်၊ အေးပါ စိတ်ချပါ

ရာဇာရာ၊ လိုအပ်တာ ရှိရင် ငါ ကူညီမှာ ပေါ့၊ အဖျားရှိတယ် ဆိုပေမယ့် သူ့ပုံစံက အေးဆေးပါ၊ ဟန်ပါတယ်၊ မင်း ဘာမှ စိတ်မပူနဲ့ "

"အေး .. အေး၊ မင်း တစ်ယောက်တည်းပေါ့၊ ကြွေ မပါဘူးလား"

"မပါပါဘူး၊ အလုပ်ကိစ္စကွ၊ မုန်းအမေ နာရေး ကြော်ငြာတောင် တွေ့တာက တောင်ကြီးမှာ ၊ ဆင်းပို့ဖို့ လည်း သိပ်အဆင်မပြေတာနဲ့ မ ရောက်လိုက်ရဘူး၊ ဒီကပြီးတော့ ရန်ကုန်က အလုပ်တွေက စောင့်နေ ပြန်ရော၊ ရက်ဆွဲလို့ မရတာနဲ့ ရသလို ပြန်ဖို့ လုပ်လိုက်တာ မုန်းနဲ့ လာ ဆုံနေတယ်၊ အန်တီလေးကလည်း ဆေးသောက်ဖို့ လှမ်းသတိပေးဖို့ မှာ နေတယ်၊ ငါ ကြည့်နေပေါ့မယ်၊ စိတ်မပူမနေနဲ့ ရာဇာ"

"အေး .. ကျေးဇူးပဲကွာ၊ ဒါဆို မုန်းကို ခဏပြန်ပေး"

"အေး"

ဉာဏက ဖုန်းကို မုန်းထံ ပြန်ကမ်းပေးလိုက်ရင်း ..

"ကားပေါ် တက်ရတော့မယ် ငြိမ်းချမ်း"

ပစ္စည်းတွေ အိတ်တွေကတော့ ကိုယ်နှင့်မကွာ ယူတာကလွဲရင် ကား ဝမ်းထဲ ရောက်သွားပြီ။ လူချည်း တက်ကြရတော့မှာ ပင်။

"ဟယ်လို"

"မုန်း ကားပေါ်မှာ တစ်ခုခုဆိုရင် ဉာဏကို ပြောဖို့ ဆိုဖို့ အကူအညီ တောင်းဖို့ အားမနာနဲ့ နော်၊ ပြောနော် ကြားလား"

"အင်း"

"လိုတာပြော၊ ဆေးသောက်၊ ထမင်းစားမယ့် နေရာကျရင် ပျော့ပျော့ အစာကို စားနော်"

"အင်း .. အင်း၊ ကားပေါ် တက်ရတော့မယ် ရာဇာ၊ မိုးဖွဲတောင် ကျလာပြီ"

"ဒါပဲလေ မုန်း"

မုန်းက ဖုန်းကိုပိတ်၊ အန်တီလေးနှင့် ကိုငြိမ်းကို ဖက်ရမ်းနှုတ်ဆက်ကာ ကားပေါ်ကို တက်လိုက်ပါသည် ။ ကားလက်မှတ် ဖြတ်ပိုင်းလေးကို ကိုင်ကာ နေရာပြနေတဲ့ လူရွယ်လေးဆီ သွားပြလိုက်ပါသည် ။

"အစ်မ .. ဟိုရှေ့လိုင်း၊ ဟိုမှာ .. ဟိုအစ်ကိုကြီး တွေ့လား၊ ဆွယ်တာ မီးခိုးနဲ့ သူ့ဘေးကျတယ်"

မုန်းက ဉာဏရဲ့ ကျောဘက်ကို လှမ်းကြည့်နေမိရင်း သက်ပြင်း တစ်ရှိုက်နှင့် အဲဒီကျောပြင် ရှိရာခုံဆီ လျှောက်လာခဲ့လိုက် ရပါသည် ။ အင်း . .။ လောကကြီးက သူတို့ အပေါ် ဒီလောက်တော့ မကျီစယ်သင့်ပါဘူး ထင်ပါရဲ့ ။

*****